အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

Women's League of Burma

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) စတုတ္ထအကြိမ်ညီလာခံ
# သတင်းထုတ်ပြန်ကြေငြာချက်

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၆ရက်နေ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) စတုတ္ထအကြိမ် ညီလာခံကို ထိုင်း–မြန်မာနယ်စပ် တနေရာတွင် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၄ရက်နေ့မှ ၂၆ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ညီလာခံသို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တတိယ အကြိမ်ညီလာခံ သက်တမ်းမှအလုပ်အဖွဲ့ဝင်များ စုစုပေါင်း (၄၅) ဦးတက်ရောက်ခဲ့ကြပါသည်။ ညီလာခံတွင် အဖွဲ့ဝင် အဖွဲ့အစည်းများမှ လိုက်နာကျင့်သုံးမည့် ဘုံရပ်တည်ချက် သဘောထားများကို ချမှတ်ပြီး အပြန်အလှန် လေးစားရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ဆန့်ကျင်ကာကွယ်ရေး၊ ကျား၊ မ တန်း တူရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး စသည့် အဖွဲ့ချုပ်၏ စံတန်ဖိုးများကိုလည်း အခိုင်အမာပြန်လည် အတည်ပြုသဘောတူချမှတ် နိုင်ခဲ့ပါသည်။

ညီလာခံတွင် တတိယအကြိမ်ညီလာခံသက်တမ်းအတွင်း အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို ပြန်လည် သုံးသပ်ခြင်း၊ ဖွဲ့စည်းပုံ စည်းမျဉ်းများကို ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်း၊ အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

လာမည့် အဖွဲ့ချုပ်၏ ၂၀၀၇–၂၀၀၈ သက်တမ်းတွင် အလေးထားဆောင်ရွက်ရန်အတွက် ပြန်လည် သင့်မြတ်ရေးကို ဦးတည်သော သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကို လက်ခံယုံကြည်၍ အမျိုးသမီးများ၏ ပူးပေါင်း ပါဝင်မှုကို မြှင့်တင်သွားရန်နှင့် မိမိတို့ လူမှုအသိုင်းအဝိုင်းကြားတွင် ကျား၊ မတန်းတူရေးကို ပိုမိုတိုးမြှင့် လုပ်ဆောင်သွားရန်တို့ကိုလည်း ဆုံးဖြတ်ခဲ့ကြပါသည်။

အဖွဲ့ချုပ်၏ လာမည့် သက်တမ်း (၂)နှစ်တွင် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည် ဖော် ဆောင်ရွက်ရန် အတွင်းရေးမှူးအဖွဲ့ဝင် (၃) ဦးကို ရွေးချယ်တင်မြှောက်၍ မူဝါဒရေးရာ ဦးဆောင်မည့် သဘာပတိအဖွဲ့အသစ်ကို အဖွဲ့ဝင် အဖွဲ့အစည်းများမှ ပေးအပ်သော ကိုယ်စားလှယ်တဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ငြိမ်းချမ်း၍ တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းသို့ ရှေ့ရှု၍ အမျိုးသမီးများဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့ဖြစ်ပြီး ဘင်္ဂလား ဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနယ်စပ်အခြေစိုက် မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့ စုစုပေါင်း (၁၂)ဖွဲ့ဖြင့် ၁၉၉၉ ခုနှစ် ၊ ဒီဇင်ဘာလ၊ (၉)ရက်နေ့တွင် စတင်ဖွဲ့ စည်းခဲ့သည် ။

အဖွဲ့ချုပ်၏ စတုတ္ထအကြိမ်ညီလာခံ သက်တမ်းကာလတွင် တာဝန်ယူသွားကြမည့် အတွင်းရေးမှူးအဖွဲ့ဝင် (၃) ဦးမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) အထွေအထွေအတွင်းရေးမှူး | နန်းယဉ် |
| (၂) တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) | နော်ဖောဆက်ဆဲ |
| (၃) တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) | အယ်လ် ဒွဲလိန် |

| | | |
|---|---|---|
| ဆက်သွယ်ရန်––– | အထွေထွေအတွင်းရေးမှူး | ၆၆ ၈၉ ၈၅၈ ၄၆၆၈ |
| | တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) | ၆၆ ၈၉ ၄၃၄၈ ၉၇၆ |

P.O Box 413 Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org